# 'ဤ' ကို 'ကြွဲ' ဟုဖတ်ကြမည်




ပြီးခဲ့သည့်ရက်ပိုင်းက အီတလီနိုင်ငံသို့ တရုတ်သမ္မတကြီးရှီနှင့် သူ့ဇနီး ရောက် လာခဲ့ကြသည်။ သူတို့ တွေ့အင်မတန်မှ အကောင်အထည် ဖော်ချင်နေကြ သည့် ပိုးလမ်းမစီမံကိန်းကို အကောင်အထည်ဖော် သည့်အနေဖြင့် စာချုပ်စာတမ်း များ လက်မှတ်ထိုးခဲ့ကြ သည်။ အီတလီသည် ထိုစီမံကိန်းကို လက်မှတ် ထိုးသည့် ပထမဆုံး အီးယူနိုင်ငံဖြစ်သည့်အတွက် ကျန်သည့်နိုင်ငံတွေ ကလည်း သိပ်မနှစ် မြို့ ကြချေ။ ပြည်တွင်းတွင်လည်း ပါတီအချို့မှ ထရိုဂျင် မြင်းကြီးကို နိုင်ငံအတွင်း ခေါ်လာခဲ့ခြင်းဟုပင် တင်စား ပြောဆိုကဲ့ရဲ့ခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံ လို နာမည်မကောင်းလှသည့်နိုင်ငံနှင့် စီမံကိန်းတွေ လုပ်ပါက မြွေပွေးခါးပိုက် ပိုက်သလိုဖြစ်မှာကို နိုင်ငံတော်တော်များများက စိုးထိတ် ကြသည်မှာ ထုံးစံပင်။

အီတလီ လက်ရှိနိုင်ငံခေါင်းဆောင်တွေကလည်း လူငယ်ပိုင်းတွေဖြစ်သဖြင့် သတ္တိရှိသည်ဆိုရမလား၊ မိုက်ရူးရဲသည်ဆိုရမလား လုပ်ချလိုက်သည်။ မိမိတို့ မြန်မာပြည်သူတွေလိုပင် သူတို့ပြည်သူတွေလည်း တထိတ်ထိတ်။ တရုတ်နှင့် စီးပွားမလုပ်စေချင်ပါဟုပြောနေသည့် အီးယူအင်အားကြီးနိုင်ငံတွေလည်း ပိုးလမ်းမ စီမံကိန် းမဟုတ်သည့်တိုင် အခြားအကြောင်းပြချက်များဖြင့် တရုတ်နှင့် စီးပွား လုပ်နေကြသည်ဖြစ်ရာ အီတလီအစိုးရကတော့ သူတို့ကိုမှကွက်၍ ပြော နေခြင်းကို ဂရုမစိုက်ဟု ဆိုသည်။ ကမ္ဘာကြီးသည် တရုတ်ပစ္စည်းတွေ သုံးနေကြ သည်ဖြစ်ရာ အခုလိုတိုက်ရိုက်ရောင်း၊ ဝယ်ဖောက်ကားပါက အကျိုးအမြတ် တိုက်ရိုက်ရသည်ဟု တုံ့ပြန်ပြောဆိုသည်။

သမ္မတရှီနှင့်ဇနီးကို နိုင်ငံတော်သမ္မတကြီးက ညစာစားပွဲဖြင့် အိမ်တော်တွင် ဧည့်ခံသည်။ ဒါတွေက လုပ်ရိုးလုပ်စဉ်မို့လို့ မထူးဆန်းပါ။ ထူးဆန်းသည်ကား အီတလီနိုင်ငံရှိ တရုတ်သံရုံးမှ ဝန်ထမ်း တယောက်သည် ညစာစားပွဲသို့ သတင်းလာယူနေကြသည့်သတင်း ထောက်များထဲမှ အီတလီအမျိုးသမီး သတင်းထောက်တယောက်အား မောက်မောက်မာမာဆက်ဆံခဲ့သည့် ဖြစ်ရပ်ဖြစ် သည်။ Giulia Pompili အမည်ရှိ ဂျာနယ်လစ်အား ယန်းဟန်အမည်ရှိ တရုတ် သံရုံးဝန်ထမ်းက "နင့်ကို ငါသိတယ်နော်။ တရုတ်ပြည်အကြောင်း မကောင်းရေး နေတာတွေ ရပ်တော့ ကြားလား"

သတင်းထောက်ကအံ့သြပြီး ကြောင်တက်တက်ဖြစ်သွားရာမှ နောက်ပြောင် နေသည်ထင်ကာ ရယ်ပစ်လိုက်သည်။ ထိုတရုတ်သည် ပို၍ပင်မျက်နှာ ထားတင်း လိုက်ပြီး "ဒါရယ်စရာပြောနေတာ မဟုတ်ဘူး။ မရယ်နဲ့။ တရုတ်ပြည် အကြောင်း

မကောင်း ရေးနေတာတွေ ရပ်ပါ" ဟု ထိုအမျိုးသမီးမှ နှုတ်ဆက်ဖို့ လက်ကမ်းပေးနေသည်ကို ပြန်မနှုတ်ဆက်ဘဲ ခြိမ်းခြောက်သည့်ပုံစံဖြင့် ဆက်လက် ပြောဆိုနေခဲ့သည်။ ထို့အပြင် သတင်းထောက်မှ တယ်လီဖုန်းထုတ်လိုက်သည်ကို သူ့အား ဓာတ်ပုံရိုက်မည်ထင်၍လားမသိ "ခုချက်ချင်း ဖုန်းကိုပြန် ထည့်လိုက်" ဟု အမိန့်ပေး ပြန်သည်။

ထိုသတင်းသည် နောက်တနေ့ကျတော့ ချက်ချင်းပင် ပွထသွားတော့သည်။ သတင်းထောက် ကောင်မလေးကလည်း ထိုအကြောင်းကို ခရေစေ့တွင်းကျ ပြန်ရေးသလို သူ့အားလည်း တခြားသတင်း ဌာနတွေမှ ဖိတ်ကြားကာ ပြောစေသည်။ သူရေးသား နေသည့်သတင်းစာသည် အရှေ့တိုင်းအကြောင်းတွေ လေ့လာရေးသားမှုများသည့် သတင်းစာဖြစ်၏။ တရုတ် သံရုံးကလည်း ထိုသတင်းစာ၏ တရုတ်ပြည်အပေါ်ထားသည့် သူတို့၏အာဘော်ကို နှစ်ခြိုက်ဟန်မတူပါ။ သို့သော် သူမေ့သွားသည်က အီတလီသည် ဥရောပအင်အားကြီး ဒီမိုကရေစီနိုင်ငံကြီးဖြစ်နေဆဲဆိုတာကိုပင်။ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့် အပြည့် ရှိသောနိုင်ငံတွင်ပင် အမျက်တွေအပြင်ထွက်ကာ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနေလျှင် သူတို့တရုတ်ပြည်တွင် သူတို့နိုင်ငံသားတွေကို မည်သို့ ဆက်ဆံလေ မည်နည်း။ သနားစရာတရုတ်များပါလားဟု ရေးသားကြလေတော့ သည်။

မိမိ၏ချမ်းသာသည့်လုပ်ငန်းရှင် ငယ်သူငယ်ချင်းတယောက်ပြောသည်ကို အမှတ်ရမိသည်။ သူဆင်း ဆင်းရဲရဲဘဝမှ ချမ်းသာလာသည့် အခါစိတ်တွေ တိုတတ်လာသည်။ ကျော်တက်သွားသည့်ကားကို လိုက်ဖိုက်၊ လိုက်တိုက်ကာ ဘယ်လောက် လျော်ကြေးတောင်းတောင်းပေးမည်ဟူ၍တွေ ဖြစ်လာသည်။ ထိုအခါ မိတ်ဆွေကောင်းတယောက်က "အေး အဲဒါ မင်း ချမ်းသာလာလို့ အောက်ခြေ လွတ်လာတာကွ"ဟု အမှန်အတိုင်းထောက်ပြခဲ့၍ ယခုအခါ

ထိုစိတ်တွေကို ချိုးနှိမ်လာနိုင်ကြောင်း ပြောပြဖူးသည်။ ငွေမရှိစဉ်အခါက အိပ်မောကျနေသလို၊ အသက်မရှိသလိုဖြစ်ခဲ့သည့် နဂါးကြီးသည် ငွေရှိလာသော အခါ၊ အာဏာစက်ကျယ်ပြန့်လာသောအခါ ထစ်ဆို ဒေါသထွက်တတ်လာ၏။ ငွေမရှိသောသူတို့သည် နဂါးမျက်စောင်းကိုကြောက်ရသဖြင့် အဆိပ်မရှိသည့်မြွေ လို ကုပ်နေရသည်မှာ မိမိတို့မြန်မာနိုင်ငံသားတွေ အသိဆုံးပင် ဖြစ်သည်။

မိမိ ဆန်ဖရန်စစ္စကိုရှိ တရုတ်တန်းသို့ရောက်ခဲ့ သည့်အခါ မြောက်မြား လှသည့် မြန်မာ့ကျောက်စိမ်း တွေကို တွေ့ခဲ့ရသည်။ Burmese Jade ဆိုပြီးတော့ လည်း ရေးထားလိုက်သေးသည်။ ရင်နာစရာကောင်း လှသည်။ နာမည်အကြီး ဆုံးရပ်ကွက်ဖြစ်သည့် လော့ အိန်ဂျလိစ်ဘီလ်ဗာလီဟေးလ်မှ ကျွှာကျော် ကျောက်မျက်ဆိုင်ကြီးများတွင် မြန်မာ့ပတ္တမြားတွေ၊ နီလာလက်ဝတ် ရတနာတွေ တွေ့ခဲ့စဉ်တုန်း ကလည်း စိတ်ထဲမကောင်း။ ဒေါ်လာသန်းချီ တန်သည့် ရတနာ တွေကို ပိုင်ရှင်မြန်မာနိုင်ငံမှ ဘယ်လောက် အခွန်အခ တွေရခဲ့ကြသလဲဆိုတော့ တာဝန်ရှိသူတွေအသိဆုံးဖြစ် လိမ့်မည်။

နေ့စဉ်နှင့်အမျှ သယ်ထုတ်နေကြသည့် ကျောက်စိမ်းတွေဖြင့် တရုတ်ပြည်မှ ကုန်သည်တွေ ချမ်းသာနေကြသည်ဆိုလျှင်၊ လူတင်ပါလို့ နွားကျားကိုက်တာ ပါလားဟု ဖြေချင်ပေမဲ့ မပြေတာက ခက်နေသည်။ သူတို့မဟုတ်တာတွေ လုပ်နိုင်အောင် ကိုယ့်ဘက်က တဘာဝစံများက လမ်းဖွင့်ပေးခဲ့၍သာ လုပ်လို့ရခြင်း ဖြစ်သည်။

အတုယူစရာတွေတော့လည်း အများကြီးရှိသည်။ သူတို့တွေသည် ငွေရှိခြင်း၏ ပါဝါကို နားလည် ကြ၏။ ဘယ်လောက်ဆင်းရဲဆင်းရဲ အလုပ်ကြိုး စားကြ သည်။ ဆန်ဖရန်စစ္စကိုသို့ စတင်ရောက် လာချိန်က တရုတ်တို့သည်

ဘယ်သူမှ မလုပ်ချင်သည့် အလုပ် ကြမ်းတွေဖြင့် ဘဝကိုစခဲ့ကြသည်။ မိုင်းတွင်းများ၊ ရထားလမ်းဖောက်သည့်နေရာများတွင် လုပ်ခဲ့ကြရသည်။ အိမ်သူ ဇနီး မယားတွေလည်း ပါမလာကြသည့် အခါ တရုတ်မိန်းကလေးတွေကို ပြည့်တန်ဆာ အဖြစ် သူတို့တရုတ်မာဖီးယားများက တင်သွင်းကာ ခိုင်းစေခဲ့ကြ၏။ ၁၉ ရာစုနောက်ပိုင်း ဆန်ဖရန်စစ္စကိုသို့ ရောက်လာကြသည့် တရုတ်မိန်းကလေး ၇၀ ရာခိုင်နှုန်းသည် ဒီအလုပ်ပဲလုပ်ကိုင်ခဲ့ကြရသည်။ အခုတော့ ဒီအခြေ အနေ မဟုတ်တော့။

မိမိတို့ မြန်မာမိန်းကလေးတွေသာ တရုတ်ယောကျ်ားများထံ အရောင်းစားခံနေရသည့်ဘဝ ဖြစ်သွားလေပြီ။ သူတို့ကတော့ ရောက်ရှိရာ နေရာတိုင်းတွင် ခေါင်းထောင်နိုင်အောင် ကြိုးစားခဲ့ကြ၏။ မကြိုက်သည်က တပိုင်း၊ လေ့လာအတုယူရမည်က တပိုင်း ဖြစ်သည်။ အီတလီနိုင်ငံ ဗင်းနစ်မြို့သည် ကမ္ဘာ့အထူးခြား အလှပဆုံးမြို့ဟု စာရင်းဝင်သည်။ လက်ဖြင့် လုပ်သည့် ဖန်ထည်လုပ်ငန်းတို့မှာ သူတို့၏ အဓိကလုပ်ငန်းလည်းဖြစ်သည်။ ယခုအခါ ဗင်းနစ်မြို့တွင် တရုတ်ဆိုင်တွေ အများအပြား ပေါ်လာလေပြီ။ တန်ဖိုးရှိ အီတလီဟန်းမိတ်ဖန်ထည်တို့နေရာတွင် အပေါစား တရုတ်မိတ် ဖန်ထည်တွေဖြင့် ကမ္ဘာလှည့်ခရီးသွားတို့ကို ဆွဲဆောင် နေကြလေပြီ။ နေရာကောင်းတွေကို ငွေဖြင့်ပေါက်၍ ဝယ်နေကြသည်မှာ မြန်မာပြည်တွင်မှသာမဟုတ် တကမ္ဘာလုံး တွင်ဖြစ်သည်။ သို့သော်နိုင်ငံကြီးတွေမှာ ကျတော့ အာဏာရှိသူတွေဖြင့်ပေါင်းကာ မတရားမြေ သိမ်းတာတွေတော့ လုပ်မရ။ ပေါက်ဈေးဝယ်ရသည်။ အခွန်ဆောင် ရသည်။

မိမိတို့ဆီမှာလို တစ်သျှူးငှက်ပျောတွေ ဘာတွေဝင်စိုက်လို့မရ။ မျိုးကန်းသွားမည်။ သေချာသည် ကတော့ တရုတ်တို့သည် အကျင့်ပျက်

အစိုးရတွေနှင့် ဆိုရင်လည်း ဝင်တတ်ထွက်တတ်သည်။ အကျင့်မပျက်သည့် အစိုးရနှင့်ဆိုလည်း စည်းတွေဘောင်တွေထဲမှ စီးပွားရှာတတ်ကြသည်။ ထို့ကြောင့် ချမ်းသာကြကုန် သည်။ မိမိတို့မြန်မာတွေကား ပျင်းကြသည်။ ဖျင်းကြသည်။ မညီညွတ်၊ မနာလို။ ထစ်ဆို လက်ညှိုးက သူများကို အရင်ထိုးသည်။ တရုတ်ပြည်ကား အစိုးရကလည်း ကြိုးစားသလို နိုင်ငံသားတဦးချင်းကလည်း ကြိုးစားကြ၏။ ထိုကြောင့် တိုးတက်ကြကုန်သည်။ အစုတ်အပြတ်တွေ မြန်မာပြည်ထဲ သွင်းသောအခါ မိမိတို့က သူတို့အားမုန်းတီးကြသည်။ သေချာပြန် စဉ်းစား သောအခါ မိမိတို့က အသွင်းခံ၍၊ အပေါက်တွေ ဟပေးခဲ့ကြ၍ သာ ဝင်လို့ရခဲ့ကြခြင်းဖြစ်သည်။

စားသူသုံးသူတွေကလည်း မကောင်းပါဘူးသေနိုင်သည်။ ကင်ဆာ ဘာညာဖြစ်နိုင်သည်ဟု အတိ အလင်းပြောထားသည်ကိုပင် ရွေးချယ်စရာ မရှိတော့ သည့်အလား သေခါမှသေရော့သဘောထားကာ မြိန်မြိန်ကြီးတွေ စားသောက်နေကြသည်။ ထိုလိုလူတွေ အများကြီးဖြစ်နေသောနိုင်ငံမှ ဓားမ နောက်ပိတ် ခွေးမကျလျှင် ဘယ်သူကျလိမ့်မည်နည်း။ တခုတော့ ရှိသည်။ အီတလီတွင် ငါတို့တရုတ်ပြည် အကြောင်း မကောင်းမရေးနဲ့ဟု ကြိမ်းမောင်း ပြောဆိုခဲ့သောသူမျိုး မြန်မာပြည်တွင်တော့ မရှိသေးပေ။ မြန်မာတို့၏ အဆဲအစွမ်းကိုသိ၍ ဖြစ်မည်ထင်သည်။

တရုတ်ရယ်၊ ထိုင်းရယ် ဘာရယ်ညာရယ်မဟုတ် နေရာစုံကလာသည့် အန္တရာယ်ရှိပစ္စည်းများသာမက ကိုယ့်ပြည်တွင်းက အဆိပ်အတောက်မကင်းသည့် အစားအသောက်၊ အသုံးအဆောင်များကိုလည်း အသိဉာဏ်ရှိရှိဖြင့် တွန်းလှန်ကြဖို့ အချိန်ရောက်နေလေပြီ။ အကယ်ဒမီပေးပွဲနှင့်ပတ်သက်၍

မကျေနပ်ကြသော အခါ ရုပ်ရှင်ရုံကိုသွားမကြည့်ခြင်းဖြင့် ပြည်သူတို့က တုံ့ပြန်လိုက်ရာ သူတို့တလောကလုံး ထိတ်လန့်သွား ကြ၏။ အကယ်ဒမီထက် အရေးကြီးသည့် လူတွေကို ရောဂါမျိုးစုံရစေနိုင်သည့်အရာများကို ဆန့်ကျင်ရာ တွင် လည်း ဤကဲ့သို့ညီလျှင် ကောင်းပေလိမ့်မည်။ မျှစ်ဆေးဆိုးထား သလား မစားဘူး။ မုန့်ဖတ်တွေ ဖော်မလင်ပါသည်ဟု မသင်္ကာဖြစ်သလား မစားဘူး။ မုန့်ဟင်းခါးအစား ထမင်းကြော်ပြောင်းစားမည်ဟုများများမဟုတ် တလနှစ်လ လောက် လုပ်လိုက်ရုံဖြင့် ပင် ဈေးသည်တွေပြောင်းလဲသွားကြမည်ထင်ပါသည်။ လတ်တလော ခေတ်စားနေသည့် စကားဖြင့်ပြောရလျှင် လူညီလျှင် 'ဤ'ကို 'ကျွဲ'ဟုဖတ်၍ရသည် မဟုတ်ပါလား။

Credit - စူးစူး (ကောလင်း)